ပန်းလားကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်းလားကျေးရွာ၊ မိုးညှင်းမြို့နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တဘ်ာလ

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ပန်းလားကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

SLRD ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

STD လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊

ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပန်းလားကျေးရွာ

မိုးညှင်းမြို့နယ်

ပန်းလားကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ပန်းလားကျေးရွာသည် အင်းတော်ကြီးအင်း၏ မြောက်ဘက်ပိုင်းတွင် တည်ရှိပါသည်။ပန်း လားကျေးရွာသည် အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့်(၆၅)မိုင်ကွာဝေးပြီး လမ်းပန်းဆက်သွယ် ရေး မကောင်းသောကြောင့် သွားလာရခက်ခဲသည်။ပန်းလားကျေးရွာသည် မြေပြန့်တောင်ကုန်းများ ပေါ်တွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ကိုလုပ်ကိုင်ပြီး အင်းတော်ကြီးအိုင်နှင့်နီးသောကြောင့် ငါးဖမ်းလုပ်ငန်းများလည်းလုပ်ကိုင်ပါသည်။ ဒေသ၏ တစ်နှစ်ပျှမ်းမျှမိုးရေချိန်လက်မမှ ၆၀မှ၈၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးနှင့်လယ်ယာ လုပ်ငန်းအတွက် အထူးကောင်းမွန်ပါသည်။ပန်းလားကျေးရွာဘေးတွင် နန်တိန်ချောင်းရှိပြီး ရွာ၏ အရှေ့အနောက်တောင်မြောက်ဘေးပတ်လည်တွင် မပြင်၊နားလတန်း၊လောဆွန့်မှန်ကင်းနှင့်ချောင်းဝ စသည့်ကျေးရွာများ က ဝန်းရံထားပါသည်။လယ်ယာမြေများသည် မြေဆီမြေသြဇာကောင်းမွန် သောကြောင့် စပါး ၁ ကေလျှင် ၆၀နှင့် ၈၀ ကြားထွက်သည်။သဘာဝဘေးအန္တရာယ်ကျရောက်မှု နည်းပါးသည်။ပန်းလားကျေးရွာသည် သျှမ်းနီလူမျိုးများ နေထိုင်ပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ပြီး ယဉ်ကျေးမှုနှင့်သျှမ်းနီ လူမျိုးတို့၏ စာပေများကို ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် လူငယ်များ အားအစဉ်အမြဲသင်ကြားပေးပါသည်။ကျေးရွာအတွင်းတွင် ဆက်သွယ်ရေးတာဝါတိုင်ရှိသောကြောင့် ဆက်သွယ်ရ လွယ်ကူပြီး အင်တာနက်လိုင်းရရှိ၍ ပြင်ပ ဗဟုသုတလည်း ရရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ပန်းလားကျေးရွာတွင် လယ်ယာမြေ အသင့်အတင့်ရှိပြီး မြေဆီမြေသြဇာကောင်းမွန်သည်။ ယခုလုပ်ကိုင်သော လယ်ယာမြေအားလုံးသည် မိုးရေခံလယ်ယာမြေများသာဖြစ်သည်။မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရ လောက်သည့် သတင်းအချက်အလက် ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေး မိတ်ဖက်ဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေး

ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကား အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းတို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်းဦးစားပေးရွေးချယ်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ် သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောက်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

ပန်းလားကျေးရွာ၏ အိမ်ထောင်စုပေါင်းမှာ(၂၀၂)စုဖြစ်ပြီး ကျား လူဦးရေမှာ(၅၇၅)ဦးနှင့်မလူဦးရေသည် (၅၈၃)ဦးရှိကာ အိမ်ထောင်စုတစ်စုရှိ ပျှမ်းမျှလူဦးရေသည် ၆ ဦးခန့်ရှိပါသည်။ပန်းလားကျေးရွာတွင် သျှမ်းနီလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာအတွင်းရှိ လူဦးရေအားလုံး၏ (၅၉%)ခန့်ရှိသောကြောင့်လူသားအရင်းမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များအား ပညာရေးနှင့်နည်းပညာ ဗဟုသုတများ လေ့ကျင့်သင်ကြားပေးပြီးကျေးရွာ၏ စီးပွားရေးနှင့်ဖွံ့ဖြိုးရေးကို တိုးတက်အောင် မြင့်တင်နိုင်မည်ဖြစ်သည်။ကျေးရွာအတွင်းရှိ အလုပ်လုပ်ကိုင်နိုင်သော ဦးရေသည် အမျိုးသားနှင့် အမျိုးသမီးသည် ညီမျှခြင်း သဘောတွင်တည်ရှိသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ ဝင်ငွေရ အဓိကလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်ပြီးကျေးရွာလူထု တစ်ရပ်လုံး၏ ဝင်ငွေအနေအထားမှာ သာမန်အဆင့်တွင်ရှိမည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်ခဲ့သည့် အိမ်ထောင်စုအားလုံးတွင်(၁၁၄)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ်တွင်ရပ်တည်နေရပြီး(၁၃)သည် ချမ်းသာသည့် အဆင့်တွင်ရှိပြီး(၇၅)သည် အလယ်အလတ်အဆင့်ရှိသူများဟုသတ်မှတ်နိုင်သည်။ပန်းလားကျေးရွာတွင်း လယ်ယာမြေပိုင်ဆိုင်မှု၊လယ်ယာသုံးစက်ကရိယာများပိုင်ဆိုင်မှု ရာသီဥတုကောင်းမွန်ခြင်းတို့ကြောင့် ကျေးရွာ၏ စီးပွားရေးမှာ အသင့်အတင့် ကောင်းသည်ဟုပြောနိုင်သည်။ချမ်းသာသော အိမ်ထောင်စုများအပြင် အခြား လယ်သမား အိမ်ထောင်စုအချို့မှာလည်း ငါးဖမ်းခြင်း၊လက်သမား၊ပန်းပဲ၊ဆန်ကြိတ်စက်၊သစ်ခွဲစက်၊ရွှေတူးဖော်ရေးလုပ်ငန်းစသော အသေးစားလုပ်ငန်းများကိုလည်း လုပ်ကိုင်သည်။ကျေးရွာရှိ လူငယ်များသည် လယ်ယာလုပ်ငန်းပြီးချိန် ပွင့်လင်းရာသီတွင် ကျောက်စိမ်းမှော်၊ဖားကန့်တွင်ရေမဆေးကျောက်တူးဖော်ခြင်းအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ခြင်းကြောင့် အိမ်ထောင်စု၏ စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည်။ငွေချေးသော တောင်သူလယ်သမားများနှင့်ဝန်ထမ်းများလည်း ငွေရေးကြေးရေးအသင့်အတင့်အဆင်ပြေသည်။

ယင်းတို့အနက် ဆင်းရဲသည့် အိမ်ထောင်စုသည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော အငှားစာရင်းငှား ၊ကျပန်း၊အရောင်းအဝယ်၊စသည်တို့သည် ဆင်းရဲသော အိမ်ထောင်စုဝင်များဖြစ်သည်။ကျေးရွာတွင်းရှိ မြေယာမဲ့ အိမ်ထောင်စုသည်(၅၂)%တွင်ရှိသောကြောင့် အလွန်ဆင်းရဲနှင့်ဆင်းရဲသော အိမ်ထောင်စုဝင်များဖြစ်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်းလက်လီ၊အငှားကူလီ၊ခေါင်းရွက်ဗျက်ထိုး လုပ်ငန်းများ ၊ဆန်ကြိတ်စက်၊သစ်ခွဲစက်၊ကုန်သည်ရောင်းဝယ် တနိုင်တပိုင် အိမ်တွင် မွေးမြူရေးလုပ်ငန်းများတွင် လုပ်ကိုင်ရှာဖွေစားသောက်ကြပါသည်။ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော(၃၃)စုအား လေ့လာသော အခါအငှားလုပ်ကိုင်ခြင်းအဆင်ပြေပြီး ၊ရွှေမှော်၊ကျောက်စိမ်းတို့တွင် အလုပ်အကိုင်အဆင်ပြေသောကြောင့် ချေးငှားမှုနည်းပါးပြီး ၁၂ အထက်ချေးယူမှုမပါဘဲ ထမင်းနပ်မှန်အောင်စားသုံးနေကြပါသည်။အကြွေးတင်ရှိမှု စစ်တမ်း ကောက်ယူရာတွင် အိမ်ထောင်စု အားလုံးနီးပါးသည် အကြွေးငွေ ၁၀၀၀၀ကျပ်မှ၅၀၀၀၀ကျပ်ဝန်းကျင်တွင်တည်ရှိပါသည်။

အိမ်ထောင်စုအားလုံး၏ (၃၅%)ခန့်သည် အမျိုးသမီးများဦးဆောင်သော အိမ်ထောင်စုများဖြစ်ပြီး အသင့်အတင့် ဆင်းရဲကာ မိသားစုဦးရေများသည်။ထို့အပြင် မုဆိုးဖို၊တစ်ခုလပ် အိမ်ထောင်စုများသည်လည်း ဆင်းရဲပြီး ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်သည်။

အခြားထိခိုက်လွယ်သော အခြေအနေတွင် မူးယစ်ဆေးဝါးကြောင့်လူငယ် အများအပြားမူးယစ်ဆေးဝါးသားကောင်အဖြစ် အသက်စတေးခံနေရသည်။မူးယစ်ဆေးဝါးသားကောင်များသည် စိတ်ဓါတ်ရေးရာ ကျဆင်းမှု မူးယစ်ဆေးဝါးပေါများခြင်း၊မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကိုမသိခြင်း ပြင်ပ ဗဟုသုတအားနည်းခြင်း၊အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊အငှားလုပ်သားများအား လုပ်ငန်းရှင်များသည် ၎င်းမူးယစ်ဆေးဝါးများဖြင့် အလုပ်များလဲလှယ်စေခြင်းတို့ဖြစ်သည်။ယခုနှစ်များတွင် ရွာချင်းဆက်လမ်းများပေါ်တွင် ဆိုင်ကယ်ချင်းတိုက်မှုများပြီး လုပ်ငန်းခွင်တွင် ထိခိုက်မှု အနည်းငယ်သာရှိပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင်း ရွာသားများသည် သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကလေးငယ်များလည်း ကျန်းမာရေး အထူးကောင်းမွန်ကြပါသည်။သွေးလွန်တုပ်ကွေး ၊ငှက်ဖျား ရောဂါနှင့် အသဲရောင် B C ဖြစ်ပွားမှုမှာလည်း ယခုအချိန်တွင် တွေ့ရှိရပါသည်။အမျိုးသမီး ၊ လူငယ်လူရွယ်နှင့် သက်ကြီးပိုင်းတို့သည်လည်း ကျန်းမာရေးအတွက် အထူးဂရုစိုက်ကြပါသည်။ ကျေးရွာအတွင်းတွင် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးလက်ကျန်းမာရေးဌာန တည်ရှိပြီး ကျေးရွာထဲတွင် တည်ရှိပြီး တိုက်နယ်ဆေးရုံနှင့်(၃)မိုင်ခန့်ကွာဝေးသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ရေတွင်း၊စက်ရေတွင်းများကိုသာ သောက်သုံးရေအဖြစ် အများအပြားအသုံးပြုကြပါသည်။ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနည်းပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် အနေအထားတွင်ရှိကြောင်း တွေ့ရှိရပါသည်။ရွာသားအများစုသည် အခြေခံ စာ အရေးအဖတ်၊ဂဏာန်းသင်္ချာအတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အသင့်အတင့်နည်းပါးသည်။ကျေးရွာအတွင်းတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း(လွန်)ကျောင်းတွင်(၇)တန်းအထိ ပညာသင်ကြားနိုင်ပြီး အထက်တန်းကို အခြားကျေးရွာများရှိ အ.ထ.က ကျောင်းကြီးများတွင် တက်ရောက်ပညာ သင်ကြားကြပါသည်။သို့သော် အသက်မွေးဝမ်းကျောင်းပညာရပ်များနိမ့်ကျနေပြီး နည်းပညာနှင့်ကျွမ်းကျင်မှုများ

ဖြန့်ဝေပေးနိုင်လျှင် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ တန်းတူအခွင့်အရေးတွင် တည်ရှိပါသည်။ကျေးရွာအတွင်းတွင် ကျားနှင့်မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုများသည် မရှိသလောက်နည်းပါးပါသည်။ကျားနှင့်မ ဟူ၍ ခွဲခြားဆက်ဆံခြင်းများလည်းမတွေ့ရှိရပါ။

ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် တန်းတူ အခွင့်အရေးရရှိသည့် ပညာရေးနှင့် ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောက်ကျားလေးအရေအတွက်နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းအဆင့်တွင် မိန်းကလေး အရေအတွက်မှာယောက်ကျားလေးအရေအတွက်ထက် များစွာသာလွန်နေပါသည်။အမျိုးသား/သမီး ပညာသင်ယူမှုမှာ တန်းတူပင်ဖြစ်ပါသည်။သို့သော် အငှားလုပ်သားများအနေဖြင့် အမျိုးသားများက အမျိုးသမီးများထက် နေ့တွက်လုပ်အားခပိုရသည်။ဥပမာအားဖြင့် လုပ်သားသဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းပိုင်းတွင် အမျိုးသမီးများပါဝင်မှု လျော့နည်းသည်။ကျားနှင့်မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများအား ကျေးရွာတွင်ရှိ လူငယ်လူရွယ်၊အမျိုးသမီးများအား မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့်ကျေးရွာဖွံ့ဖြိုးမှုတို့အတွက်များစွာ အထောက်အကူဖြစ်နိုင်သည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင်းရှိ လူမှုရေးဆိုင်ရာအဖွဲ့(၂)ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့(၁)ဖွဲ့တည်ရှိသည်။ယင်းအဖွဲ့များအနက် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားမှု အသင့်အတင့်ရှိသည်။ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့သည် ကျေးရွာအတွင်း လှုပ်ရှားဆောင်ရွက်မှုအားကောင်းသော လူငယ်အဖွဲ့အစည်းဖြစ်သည်။ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက် မှု ၊အဖွဲ့အစည်းဆိုင်ရာ သဘောတရားနှင့်ပတ်သက်၍ အားနည်းကျပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို တိုးတက်ကောင်းမွန်လာနိုင်သည်။

## (ခ)　　သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်ဆီထွက်သီးနှံကို အဓိက စိုက်ပျိုးသည်။မိုးစပါး စိုက်ဧက(၁၅၀၇)ဧက ဆီထွက်သီးနှံအခင်းသည် (၇၈)ဧက စိုက်ပျိုးသည်။မိုးစပါးပျမ်းမျှအထွက်မှာ ၁၀၀တင်းနှင့်ဆီထွက် သီးနှံမှာ တစ်ဧက(၃)တင်းနှုန်းထွက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုနှင့်ချေးငွေ ဝန်ဆောင်မှုများရှိပြီး စိုက်ပျိုးရေး ကုမ္ပဏီများမှလည်း တောင်သူများအတွက် စိုက်ပျိုးရေးသုံး စက်ပစ္စည်းများအား အရစ်ကျ ငွေပေး ချေးသော ဝန်ဆောင်မှုများပေးထားသောကြောင့် တောင်သူများအားများစွာ အထောက်အကူ ဖြစ်ပါ သည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အငှားလုပ်သားများ မလုံလောက်မှု ပြဿနာနှင့်အစဉ်ရင်ဆိုင်ကြုံတွေ့ရပြီး လုပ်အားခပိုပေးကာ အလုပ်သမားငှားရမ်းမှုရရှိကာ ကုန်ကျ စရိတ် အလွန်များပြားသည်။အချို့တောင်သူများမှာ ကုန်ကျစရိတ်ပြဿနာနှင့်အငှားလုပ်သားရှားပါး မှုတို့ကြောင့် တစ်တန်းကြဲ၊ကြဲပက်စနစ်ကို အသုံးပြုလာကြသည်။တောင်သူများသည် တခါတရံမိုး များခြင်း၊မိုးခေါင်ခြင်းစသော မိုးမညီမျှမှုကိုလည်း ရင်ဆိုင်ရပါသည်။

ကျေးရွာတွင်ဝက်မွေးသူ အိမ်ထောင်စုမှာ တစ်ရွာလုံးနီးပါးဖြစ်ပြီးဒေသမှ ဝက်မျိုးများကိုသာ မွေးမြူကြသည်။ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာလည်း တစ်ရွာလုံးနီးပါးရှိပါသည်။ရာသီ အလိုက် ဖြစ်သော တိရစ္ဆာန်ရောဂါများအနက် ကြက်နှင့်ကျွဲ၊နွားများတွင် အဖြစ်များသည်။ဥပမာ-ကြက်များတွင်လည်လိမ်ရောဂါ၊နွားများတွင် ခွာနာလျှာနာရောဂါ၊ကျွဲများတွင် လည်ချောင်းကွဲ ရောဂါ စသည့် ရောဂါများသည် တိရစ္ဆာန်များတွင် အများဆုံးဖြစ်သော ရောဂါများဖြစ် အသေ အပျောက်လည်းများပြားသည်။နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးတွင် ရရှိနိုင်သော် လည်း မြို့ရွာနှင့်အလှမ်းကွာဝေးသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းအား တည်ထောက်တိုးချဲ့လိုသော်လည်း ဈေး ကွက်တို့အချိန်မှီတင်ပို့မှု မရှိနိုင်သောကြောင့် မွေးမြူရေးဖြစ်ထွန်းမှုအားနည်းပါသည်။ကျေးရွာ အတွင်းရှိ အတိုးပေးသူတို့ထံတွင် ချေးယူပါက အတိုးငွေနှုန်းမြင့်မားသည်။ကျေးရွာအတွင်း မွေးမြူ ရန် မြေနေရာများစွာရှိသော်လည်း စီးပွားဖြစ်မွေးမြူရန် မဖြစ်နိုင်ပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာအတွင်း အိမ်တွင်းမှု ထုတ်ကုန်မရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားလုပ်ငန်း ၊သယ်ယူပို့ဆောင်ရေး၊ဈေးရောင်း၊အစိုးရဝန်ထမ်း၊ကူလီ တို့ဖြစ်ကြသည်။အခြားလုပ်ငန်း အများစု မှာရာသီအလိုက် တွက်ခြေကိုက်မှုနည်းပါးသည်။မိုးရာသီတွင် လယ်ယာလုပ်ငန်းအတွက် အငှား လုပ်သားများ၏ အင်အားသည် အဓိက အသုံးဝင်သည်။လယ်ယာလုပ်ငန်းသိမ်းပြီးချိန်တွင် အငှား လုပ်ကိုင်သူများသည်။ နေ့စားခေါ်ယူသူနည်းပါးလာသောကြောင့် ဝင်ငွေရမှုနည်းပါးသည်။

ကျေးရွာတွင်း အလုပ်လုပ်ကိုင်သူဦးရေများပြားပြီး ၎င်းအခြေအနေသည် ကျေးရွာအတွက် အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်နိုင်ပါပေသည်။အပ်ချုပ်၊ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်လျှော့ စသည့်တို့သည် အသက်မွေးဝမ်းကျောင်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် ထိုသင်တန်းများနှင့် ထိတွေ့မှုအားနည်းသည်။လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အလွန်နိမ့်ကျပြီးသင်တန်းစရိတ်အကုန်ကျခံရန်နှင့်လုပ်ငန်းထူထောင်ရန် မတတ်နိုင်ကြချေ။ငွေကြေး အဆင်ပြေသော အိမ်ထောင်စုများကသာ စသည့် သင်တန်းများအား ငွေကြေး အကုန်ကျခံကာ သင်ကြားနိုင်ကြသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးစိုက်ခင်းနှင့် ဆီထွက်သီးနှံစိုက်ခင်းများအား သဘာဝ မြေဩဇာသာ အသုံးပြုပြီး ဓါတု မြေဩဇာ ထည့်သွင်းအသုံးပြုမှုနည်းပါးပါသည်။ဓါတုပိုးသတ်ဆေးနှင့် ပေါင်းဓါတ်ဆေးသုံးစွဲမှု အသင့်အတင့် ရှိပါသည်။စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကျသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတများ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေများကို တစ်နှစ်အတိုးနှုန်း ၇၅ ပြား အတိုးနှုန်းနှင့် တစ်ဧက ကျပ်တစိသိန်းနှုန်းဖြင့် အများဆုံး ဆယ်ဧကချေးယူနိုင်သည်။ကျေးရွာတွင် သမဝါယမ စိုက်/ မှလာရောက်ဖွဲ့စည်းပေးသော ငွေရေးကြေးရေး အဖွဲ့ဖွဲ့စည်းထားပြီး အဖွဲ့ဝင်(၉၅)ဦးရှိကာ တစ်နှစ် အတိုးနှုန်း ၃၀%ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ပါသည်။အဖွဲ့တွင် ချေးငွေကို (၆)လအထိ သတ်မှတ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်နှုန်းသတ်မှတ်ထားသည်။ချေးငွေ အဖွဲ့ဝင်များအား စည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။တချို့အိမ်ထောင်စုများသည်ရွာအတွင်း ငွေတိုးချေးပေးသူထံမှ တစ်နှစ်အတိုးနှုန်း ၆၀%ဖြင့်လည်းကောင်း မိတ်ဆွေ၊မိသားစုဝင်များထံမှ တစ်နှစ်အတိုးနှုန်း ၂၀%ဖြင့် ချေးယူနိုင်ကြသေးသည်။ ကျေးရွာတွင် သမဝါယမ အဖွဲ့ဖွဲ့စည်းထားပြီး ငွေကြေးဆိုင်ရာ ကိစ္စရပ်များအားဖြေရှင်းပေးပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ ရိက္ခာ၊ကျန်းမာရေး၊ပညာရေး၊အရောင်းအဝယ် စသည့်တို့အတွက် ချေးယူကြပြီး ကျေးရွာတွင်း ချေးငွေ လိုအပ်ချက် များပြားကြောင်းတွေ့ရှိရသည်။ကျေးရွာအတွင်း အကြွေးတင်ရှိမှု စစ်တမ်းကောက်ယူမှုများ အရဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၂၀၀၀၀ကျပ်မှ ၅၀၀၀၀၀ကျပ်ဝန်းကျင်တွင်ရှိပါသည်။ထိုအိမ်ထောင်စုများ၏ ၉၀%သည် ၁၀၀၀၀၀ကျပ်အောက်

ချေးယူထားပြီး ကျန်အိမ်ထောင်စု ၁၀%သည် ၁၀၀၀၀၀နှင့်၅၀၀၀၀၀ကျပ်ဝန်းကျင်တွင်ချေးယူကြသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာအတွင်း မူလတန်းကျောင်းကို ၁၂၀ပေ၊၃၀ပေ၊၁၂ ပေရှိ သွပ်မိုး၊အုတ်နံရံကာ၊အင်္ဂတေအခင်းကျောင်းဆောင်အတွင်းသင်ကြားပေးသည်။ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၁၀%မှာ ဘွဲ့ရသူကြီးကျောင်းသင်ပညာရေး ရရှိထားကြသည်။မူလတန်းပညာရေးမပြီးဆုံးသူဦးရေ ၂၉%နှင့်မူလတန်းပညာပြီးဆုံးသူသည် ၄၀%ရှိ၍ မူလတန်းပညာရေးပြီးဆုံးသည့်ဦးရေမြင့်မားသည်။ယခုနှစ်ကျောင်းအပ်နှံမှုနှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်နှင့်အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက်ပိုနေပါသည်။မူလတန်းအရွယ်၉နှစ်နှင့်အလယ်တန်းအရွယ် ၁၄ နှစ်ထက်ကြီးသော ကျောင်းသားများလည်းတွေ့ရှိရပါသည်။ကျောင်းတွင် ပရိဘောဂတို့လုံလောက်မှုမရှိသည့်အပြင် မူလတန်းပြ ဆရာ/မ (၄)ဦး၊အလယ်တန်းတွင် ဆရာ/မ(၃)ဦးရှိပြီး တပည့်ဆရာအချိုးမှာ မူအဆင့်တွင် ၁:၅၀ နှင့်လယ်အဆင့်တွင် ၁:၃၃ရှိပြီး ကျေးရွာခန့်ဆရာမ ၁ဦး လုပ်သား(၁)ဦးတို့ရှိပြီး ကျောင်းတွင်း ဆရာ/မဦးရေ လုံလောက်မှုမရှိသေးပါ။လွန်ခဲ့သော ကျောင်းဖွင့်ရာသီတွင် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ ဖြန့်ဝေပေးသည့် မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်း စာအုပ်များနှင့်ကျောင်းသုံးလေ့ကျင့်ခန်းစာအုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသည်။ပန်းလားကျေးရွာသည် ယခုမှ မီးစတင်ရရှိရန် လုပ်ဆောင်နေဆဲကာလဖြစ်ပါသည်။ယခု အချိန်(လက်ရှိ)တွင်ဆိုလာမီးစနစ်ကိုသာ အသုံးပြုနေဆဲဖြစ်သည်။

ကျေးရွာအတွင်း သောက်သုံးရေသည် လုံလောက်မှုရှိသည်။သောက်သုံးရေအတွက် မော်တာသုံးရေတုံကင်၊လက်နှိပ်တုံကင်၊ရေတွင်းရေများသာ အဓိက အသုံးပြုကြပါသည်။ကျေးရွာအတွင်းတွင် ကျေးရွာရပ်ကွက်အလိုက် ရပ်ကွက်ရေတွင်းများ တည်ဆောက်ထားသောကြောင့် ဆင်းရဲသော အိမ်ထောင်စုများလည်း သောက်သုံးရေ အတွက် အဆင်ပြေပါသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာကိုသာ အသုံးပြုခြင်းကြောင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားသော ရောဂါများနည်းပါးပြီး ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုလည်း မရှိသလောက် နည်းပါသည်။ကျောင်းသုံးအိမ်သာများအား စနစ်တကျ ဆောက်လုပ်ထားပါသည်။

### (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် စိတ်အပန်းဖြေ အနားယူနိုင်မည့် ပန်းခြံ၊စာကြည့်တိုက်များမရှိပါ။လူငယ်များသည် ကျေးရွာ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် ဖျော်ဖြေကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်းမရှိသေးပါ။

### (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအတွင်း လမ်းမှာ မြေသားလမ်းဖြစ်ပြီး ကား၊ဆိုင်ကယ်၊စက်ဘီး၊ထွေလာ၊ထော်လာဂျီများကို မောင်းနှင် အသုံးပြုကြပါသည်။မိုးရာသီတွင် ကုန်းလမ်း ၊ရေလမ်း နှစ်မျိုး အသုံးပြုကြသည်။ခရီးသွားလာရေးအတွက် မော်တော်ဆိုင်ကယ်(၁၆၅)စီး၊သယ်ယူပို့ဆောင်ရေးအတွက် ကား(၆)စီး၊ထွေလာ၊ထော်လာဂျီ(၁၇)စီး တို့ကို အသုံးပြုပြီး ရေလမ်းခရီးအတွက် စက်လှေ(၁၁)စီး စသည်တို့ကို အသုံးပြုပြီး ခရီးသွားလာကြပါသည်။

ကျေးရွာတွင် လျှပ်စစ်မီး အသုံးပြု၍ မရသေးပါ။ အဓိကအားဖြင့် ဆိုလာဖြင့်သာ အသုံးပြုကြပါသည်။ကျေးရွာအတွင်း မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှုအတွက် အသုံးပြုမှု လက်လှမ်းမီသည်။ကျေးရွာအတွင်း အင်တာနက် အသုံးပြုမှု အသင့်အတင့် အားကောင်းပြီး အခြားသတင်းအချက်အလက်များကိုလည်း ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ကျေးရွာအတွင်း စာကြည့်တိုက်ရှိပြီးစာအုပ်များမရှိပါ။ရွာသားများသည်သတင်းစာ၊ဂျာနယ်၊စာအုပ်စာပေများလေ့လာမှုအား အလွန်အားနည်းသည်။

### (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာအတွင်း ရာဇဝတ်မှုဖြစ်ပွားမှု အလွန် နည်းပါးသောကြောင့် ကျေးရွာတည်ငြိမ်အေးချမ်းပြီးကုန်စည်ကူးသန်းရောင်းဝယ်မှုများကောင်းမွန်သည်။ကျေးရွာသူ/သားများသည် မိုဘိုင်းဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအချက်အလက်ကို အချိန်နှင့်တပြေးညီ သိရှိနိုင်သည်။အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသေးပါ။ကျေးရွာအတွင်း သဘာဝ ဘေးအန္တရာယ်လျော့ရေး သီးသန့်အစီအစဉ် ရေးဆွဲထားခြင်း မရှိပါ။ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာအတွင်း ရာဇဝတ်မှုမရှိသလောက်နည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာအတွင်း လျှပ်စစ်မီးကိုသာ အသုံးပြုနိုင်ပါက သစ်တောပြုန်းတီးခြင်း သက်သာမည် ဖြစ်သည်။အဘယ်ကြောင့်ဆိုသော် ရွာသာများသည် ထင်းမီးကို ချက်ပြုတ်စားသောက်သောကြောင့် ဖြစ်ပြီး လျှပ်စစ်ရရှိလျှင် ထင်း အစား လျှပ်စစ်မီးဖြင့် ချက်ပြုတ်စားသောက်နိုင်မည်ဖြစ်သည်။လျှပ် စစ်မီးရရှိလျှင် ကျောင်းသူ/သားများအားများစွာ အထောက်အကူ ဖြစ်နိုင်ပြီး လူနေမှု အဆင့်အတန်း အတွက်လည်း များစွာ အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

ကျေးရွာအတွင်း လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏(၅၉%)မှာ အလုပ်လုပ်နိုင် သည့် အရွယ်များဖြစ်ကြပါသည်။ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်သက်မွေး ဝမ်းကျောင်းပညာရပ်များ သင်တန်းများအား လူငယ်များကို လေ့ကျင့်သင်ကြားပေးနိုင်လျှင် လူသား အရင်းအမြစ်နှင့်ကျေးရွာဖွံ့ဖြိုးမှု အတွက် များစွာ အထောက်အကူဖြစ်မည်။ကျေးရွာလူထု၏ ကျန်း မာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ကျန်းမာရေးအတွက် ပံ့ပိုးပစ္စည်း များနှင့်ဝန်ဆောင်မှုများလည်း အလုမ်းဝေးပါသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ကျန်း မာရေးအတွက် ဆေးဝါးကုသလိုလျှင် မိုးညှင်းမြို့နယ် ဆေးရုံကြီးသို့ တက်ရောက်ကုသကြရသည်။ ကျေးရွာအတွင်း စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားနှင့် အသင့် အတင့်အနေအထားတွင်ရှိနေသည်။

သဘာဝအရင်းအမြစ်များတွင် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီမြေသြဇာ ကောင်းမွန်ပါသည်။တောင်သူများကလည်း လယ်ယာထွက်ကုန်များအား လမ်းပန်းဆက်သွယ်ရေး ကြောင့် အခက်အခဲရှိပါသည်။မိုးရွာသွန်းမှုမှာ စပါးစိုက်ရန်အတွက် အထူးကောင်းမွန်သည်။လမ်း ပန်းဆက်သွယ်ရေးမကောင်းသောကြောင့် ကျေးရွာထွက်ကုန်စည်များ အချိန်မီ တင်ပို့ရောင်းချနိုင် ခြင်းမရှိသေးပါ။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်မရှိသောကြောင့်အကြီးစား မွေး မြူရေးလုပ်ငန်းမရှိသေးပါ။ကြက်၊ဝက်၊ဘဲတို့ကို အသားစားရန် မွေးမြူကြပြီး နွား၊ကျွဲ၊များအား လုပ်ငန်းခွင် သုံးရန် မွေးမြူကြသည်။သို့သော် ရာသီကူးပြောင်းစအချိန်တွင် ကျွဲ၊နွားများ ရောဂါဖြစ် ပွားမှုရှိသဖြင့် မွေး/ကု ဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများလိုအပ်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိလယ်ယာမြေများသည် မြေဆီလွှာ အထူးကောင်းမွန်သည်။မြေလွတ်မြေရိုင်း အသင့်အတင့်ရှိသောကြောင့် လယ်ယာမြေ အသင့်အတင့် တိုးချဲ့နိုင်ပေသည်။

ကျေးရွာရှိ တောင်သူလယ်သမားများအား ဘက်စုံအထောက်အပံ့များ ရရှိရန်လိုအပ်သည်။ငွေရေးကြေးရေး ကိစ္စနှင့်ပတ်သက်၍ ကျေးရွာအတွင်း ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားသည်။သမဝါယမ ဘဏ်မှ ကျေးရွာ အရောက်ဝန်ဆောင်မှုပေးသော်လည်းအခက်အခဲ အနည်းငယ်ရှိပါသည်။မြန်မာ စိုက်ပျိုးရေးဘဏ်မှလည်း ချေးငွေများထုတ်ပေးလျှက်ရှိပါသည်။

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊အတတ်ပညာ၊အထိအတွေ့ အားနည်းသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြင့်တင်မှု အလုပ်အကိုင်ဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာနိုင်စွမ်းနှင့်စီးပွားရေးအနေအထားတိုးတက်မြင့်မားစေရမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှု ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များနှင့် လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစား ငွေကြေး

လုပ်ငန်းနှင့်ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊အရင်းနှီးငွေရရှိရာအခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။အရင်းနှီးငွေများ ရရှိပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ခွဲဝေချထားပေးမည်။ အလားတူပင်ကျေးရွာအတွင်း စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်။သင်တန်းတက်ထားသူများက တဖန် ကျေးရွာအတွင်းရှိ ရွာသူ/သူများအား ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေရမည်။

၁.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုးပန်းထိုး၊အချက်အပြုတ်၊မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊ ဆိုင်ကယ်ပြင်၊ပန်းရံ၊အိမ်ဆောက်၊မိုဘိုင်းဖုန်းပြင် စသော သင်တန်းများအား တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများအား တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

၁.၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်း တစ်ဆောင် ဆောက်လုပ်ထားပြီး ကလေးငယ်များ၏ အရည်အချင်း တိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး မူလတန်းလွန် ကျောင်းအတွင်း ဆရာ/မ အရည်အတွက် ပြည့်ဝစွာ ရရှိရေးနှင့် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

၁.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံ အဆောက်အဦးများ တိုးတက်ကောင်းမွန်လာစေရေး အတွက်ဆောင်ရွက်သွားမည်။တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမို ရရှိရန် တိုက်တွန်းအား ပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

